အသုံးပြုပုံ

# SaverAsia

အချိန်ကုန်သက်သာ | ငွေစုဆောင်းရာ | သင့်အနာဂတ်အတွက် ရင်းနှီးမြှုပ်နှံရာ



အိမ်သို့ ငွေလွှဲသည့်အခါ အကောင်းဆုံးနှုန်းထားနှင့် ဝန်ဆောင်မှုကို
ရယူရန်အတွက် ငွေလွှဲသည့်ဝန်ဆောင်မှုများကို ရှာဖွေ နှိုင်းယှဉ်ပါ။

# မာတိကာ


SaverAsia ဆိုတာဘာလဲ ၂

ငွေလဲနှုန်းနှိုင်းယှဉ်ခြင်းဆိုတာဘာလဲ ၃

နှုန်းနှိုင်းယှဉ်ခြင်း လမ်းညွှန် ၃

နှုန်းနှိုင်းယှဉ်ခြင်း စာမျက်နှာကို ဘယ်လိုအသုံးပြုမလဲ ၅

အခြေခံ ငွေကြေးပညာ ၇

ဂဏန်းတွက်စက် ၉

ဘတ်ဂျက် ဂဏန်းတွက်စက် ၉

အချိန်ပို ဂဏန်းတွက်စက် (မလေးရှား) ၁၁

လမ်းညွှန်များ ၁၃

နိဂုံးချုပ် ၁၄

# SaverAsia ဆိုတာဘာလဲ

SaverAsia သည် သင်ရောက်ရှိနေသည့် နိုင်ငံအသစ်တွင် သင့်ကိုအကူအညီပေးနိုင်သည့် အခမဲ့ အသုံးပြုနိုင်သော အက်ပလီကေးရှင်းတစ်ခု ဖြစ်သည်။

အိမ်သို့ ငွေလွှဲရာတွင် ငွေကြေးနှုန်းထားများနှင့် ဝန်ဆောင်မှုများကို နှိုင်းယှဉ်ပေးခြင်း

သင် ဘယ်နေရာမှာဖြစ်စေ အသုံးဝင်သော ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများနှင့် သတင်းအချက်အလက်များကို ရှာဖွေနိုင်ခြင်း

သင်၏ ငွေကြေးကို စီမံခန့်ခွဲနိုင်ရန်၊ ငွေစုဆောင်းနိုင်စေရန်နှင့် ငွေပိုမသုံးမိစေရန် သင့်ကို ကူညီပေးနိုင်ခြင်း

သင်၏ အချိန်ပို လုပ်ခကို ဥပဒေပါအတိုင်း ရရှိစေရေး အတည်ပြုနိုင်ရန် ကူညီပေးနိုင်ခြင်း

# နှုန်းများ နှိုင်းယှဉ်ခြင်း

- ✔ သင် အိမ်သို့ ငွေလွှဲရန် အစီအစဉ်ရှိပါသလား။
- ✔ ဒါဆို အကောင်းဆုံး ငွေဘယ်လိုလွှဲမလဲ။

**ထိုသို့ဆိုလျှင် SaverAsia သည် သင့်အတွက် ဖြစ်သည်။**


သင် အိမ်သို့ ငွေလွှဲသည့်အခါ အကောင်းဆုံးနှုန်းထားနှင့် ငွေလွှဲနည်းလမ်းများ ရှာဖွေရန် ငွေလွှဲ ဝန်ဆောင်မှုများကို နှိုင်းယှဉ်နိုင်သည်။



## စစ်ထုတ်ခြင်း

Filters များက သင်ရွေးချယ်မှု ပြုနိုင်စေရန်ဖြစ်သည်

- ✓ ငွေလွှဲကြာချိန်
- ✓ ငွေလွှဲပုံစံ (သင်မည်သို့ ငွေလွှဲမည်နည်း)
- ✓ ငွေလွှဲနည်းလမ်း (မည်သည့်ပုံစံဖြင့် ငွေပေးချေမည်နှင့် ငွေမည်သို့ လက်ခံရရှိမည်နည်း)




## အမြန်ဆုံး ဝန်ဆောင်မှုများကို နှိုင်းယှဉ် ရှာဖွေခြင်း

တခါတရံတွင် တစ်စုံတစ်ယောက်ဆီသို့ ငွေလွှဲအမြန်ဆုံးရောက်ရန် အရေးအကြီးဆုံးဖြစ်တတ်သည်။ အမြန်ဆုံး ငွေလွှဲပေးနိုင်သည့် ဝန်ဆောင်မှုကိုရှာဖွေနိုင်သည်။

ငွေလွှဲပို့ရန် သင်နှစ်သက်သော နည်းလမ်းကို ရွေးချယ်ရန် ထပ်မံ စစ်ထုတ်နိုင်သည် -






## မည်သို့ အသုံးပြုမည်နည်း

## “နှုန်းနှိုင်းယှဉ်ခြင်းများ” စာမျက်နှာကို အသုံးပြုခြင်း ...

**အဆင့် ၁**


ငွေပို့မည့်နိုင်ငံနှင့် လက်ခံမည့် နိုင်ငံတို့ကို ရွေးချယ်ပါ။

**အဆင့် ၂**

ထို့နောက် လွှဲပို့မည့် ပမာဏကို ရွေးချယ်ပါ။

**အဆင့် ၃**

“နှုန်းထားများကို နှိုင်းယှဉ်ပါ”ကိုနှိပ်ပါ။အကောင်းဆုံးနှုန်းထားများ ရရှိရန် ဤစာမျက်နှာတွင် နှုန်းနှိုင်းယှဉ်ရန် ရွေးချယ်စရာများ ဖော်ပြထားမည်။ မတူညီသော filters များ အားလုံးကို ကြည့်ရှုရန် သင်၏ ဖုန်းမျက်နှာပြင်ကို အပေါ်အောက် ရွှေ့ကြည့်ပါ။




## အဆင့် ၄

သင့်အတွက် အကောင်းဆုံးနည်းလမ်းကို ရှာဖွေရန် ကျွန်ုပ်တို့၏ အမျိုးမျိုးသော filters များက ရွေးချယ်နိုင်သည်။

## အဆင့် ၅

"ငွေလွှဲပါ"ကို နှိပ်ခြင်းအားဖြင့်သော် လည်းကောင်း(သို့)ငွေလွှဲဝန်ဆောင်မှု၏ အမှတ်တံဆိပ်ကို နှိပ်ခြင်းအားဖြင့်သော်လည်းကောင်း ငွေလွှဲနိုင်သည်။ ထို့နောက် Saver-Asia တွင် သင်ရွေးချယ်ထားသည့် ငွေလွှဲဝန်ဆောင်မှုတွင် မှတ်ပုံတင်ခြင်းနှင့် ငွေလွှဲခြင်းများကို ဆောင်ရွက်နိုင်သည်။




# အခြေခံ ငွေကြေးပညာ


သင် စဉ်းစားနေပါသလား -

- ✔ ဘဏ်အကောင့်တစ်ခု ဖွင့်ရန်
- ✔ အာမခံ ဝယ်ယူရန်
- ✔ သင်၏ ငွေကြေးဆိုင်ရာနှင့် ပတ်သက်ပြီး ပိုမိုလေ့လာရန်

ထိုသို့ဆိုလျှင် SaverAsia သည် သင့်အတွက် ဖြစ်သည်။




SaverAsia portal မှ တဆင့် သင်သည် ရောက်ရှိနေသည့် နိုင်ငံတွင် ရရှိနိုင်သော ငွေကြေးအသိပညာဆိုင်ရာ သင်တန်းများကိုချိတ်ဆက်နိုင်သည်။ SaverAsia ဝက်ဆိုဒ်ကို လေ့လာရန် ဤလင့်ခ်မှ ဝင်ရောက် လေ့လာနိုင်သည် - https://saverasia.com/financial-resources/




SaverAsia သည် သင်နေထိုင်ရာ နေရာတွင် အကူအညီပေးနိုင်သည့် ဝန်ဆောင်မှုများကို ရှာဖွေနိုင်ရန်လည်း ကူညီပေးထားပါသည်။

ပိုမိုလေ့လာနိုင်ရန် ဤနေရာမှ ဝင်ရောက် လေ့လာနိုင်သည် - https://saverasia.com/local-support/



# အခြေခံ ငွေကြေးပညာ

သင် စဉ်းစားနေပါသလား -

- ✔ ဘဏ်အကောင့်တစ်ခု ဖွင့်ရန်
- ✔ အာမခံ ဝယ်ယူရန်
- ✔ သင်၏ ငွေကြေးဆိုင်ရာနှင့် ပတ်သက်ပြီး ပိုမိုလေ့လာရန်

ထိုသို့ဆိုလျှင် SaverAsia သည် သင့်အတွက်ဖြစ်သည်။




မည်သို့လုပ်ဆောင်ရမည်နည်း

## “ဘတ်ဂျက် ဂဏန်း တွက်စက်”ကို အသုံးပြုပါ

သင်၏ဝင်ငွေများနှင့် ကုန်ကျစရိတ်များကို ထည့်သွင်းပြီး သင်ငွေမည်မျှစုဆောင်းနိုင်မည်ကို ကြည့်ပါ။ ငွေ အပိုမသုံးမိပါစေနှင့်။


### အဆင့် ၁

သင်၏ဝင်ငွေများကို အကွက်များတွင် ဖြည့်ပါ။ ဝင်ငွေအားလုံးကို ဖြည့်သွင်းရမည်။ ဥပမာ – အလုပ်အကိုင်၊ အစိုးရထံက အကျိုးခံစားခွင့်များ၊ ဒုတိယအလုပ်၊ အိမ်ငှားခဝင်ငွေ၊ ကားမောင်းခြင်း၊ ရှယ်ယာများစသည်ဖြင့်...




## အဆင့် ၂

သင်၏ ကုန်ကျစရိတ်များကို အကွက်များတွင် ဖြည့်ပါ။ သင် ငွေအသုံးပြုရမည့်ကုန်ကျစရိတ်အားလုံးကို ထည့်ပါ။ ဥပမာ – အိမ်ငှားခ၊ အစားအစာ၊ လွှဲပို့ငွေ၊ ဘေလ်များ (ဖုန်းခ၊ လျှပ်စစ်မီး စသည်ဖြင့်)၊ ခရီးသွားခြင်း အစရှိသဖြင့်...




## အဆင့် ၃

"နောက်တဆင့်" ကိုနှိပ်ပြီး ငွေမည်မျှစုဆောင်းနိုင်မည်ကို ကြည့်ရှုနိုင်သည်။ ငွေအပိုမသုံးမိပါစေနှင့်။





## မည်သို့လုပ်ဆောင်ရမည်နည်း

# "အချိန်ပိုဂဏန်းတွက်စက် (မလေးရှား)"ကို အသုံးပြုပါ ....

သင်သည် မလေးရှားတွင် အလုပ်လုပ်ကိုင်နေပါက အလုပ်ရှင်က ပေးရမည့် အချိန်ပိုလုပ်ခ မည်မျှရရှိမည်ကို ကျွန်ုပ်တို့၏အချိန်ပိုဂဏန်းတွက်စက် အသုံးပြု တွက်ချက်နိုင်သည်။


သင်၏အချိန်ပိုကို နည်းလမ်းသုံးမျိုးဖြင့် တွက်ချက်နိုင်သည်။

- ✔ ပုံမှန်အလုပ်လုပ်ရက်များ
- ✔ အနားယူရက်များ
- ✔ အများပြည်သူ အားလပ်ရက်များ

သင်အလုပ်လုပ်ခဲ့သည့် အချိန်ပိုနာရီများကို SaveraAsia ၏ အချိန်ပိုဂဏန်းတွက်စက်တွင် ထည့်သွင်းခြင်းအားဖြင့် သင် လုပ်ခမည်မျှရရှိမည်ကို တွက်ချက်နိုင်သည်။


**အဆင့် ၁**

သင်ရရှိသည့် အခြေခံလုပ်ခနှင့် လုပ်ခရသည့် အချိန်ကာလကို ထည့်ပါ။




## အဆင့် ၂

သင်အချိန်ပိုလုပ်ခဲ့ရသည့်နာရီကို ထည့်ပါ။




## အဆင့် ၃

“နောက်တဆင့်” ကိုနှိပ်ပြီး သင်၏အလုပ်ရှင်က လုပ်ခပေးရမည့်အချိန်တွင် သင့်အားပေးသင့်သည့် လုပ်ခပမာဏကို တွေ့ရှိရမည်ဖြစ်သည်။



# လမ်းညွှန်များ

အက်ပလီကေးရှင်းတွင် ပါဝင်သည့် အကြောင်းအရာများကို လေ့လာရန် နှစ်သက်ရာ ဘာသာစကားဖြင့် "ဗီဒီယို လမ်းညွှန်ချက်များ"ကို ကြည့်ရှုနိုင်သည်။


ဗီဒီယို လမ်းညွှန်ချက်များ"တွင် SaverAsia အက်ပလီကေးရှင်းတွင် အသုံးပြုနိုင်သည့် ငွေလွှဲပို့ခြင်း (သို့) အခြား မတူညီသော အခြေအနေ အရပ်ရပ်အတွက် SaverAsia ဂဏန်းတွက်စက်များတို့ကို အသေးစိတ်ရှင်းပြထားသည်။



# နိဂုံးချုပ်

SaverAsia အက်ပလီကေးရှင်းကို အခမဲ့ အသုံးပြုနိုင်သည်။


- ✔ ငွေလွှဲခ အနည်းဆုံးကို နှိုင်းယှဉ် ရှာဖွေနိုင်သည်။
- ✔ အမြန်ဆုံး ဝန်ဆောင်မှုများကို နှိုင်းယှဉ် ရှာဖွေနိုင်သည်။
- ✔ သင်နှင့် သင့်တော်သော ဝန်ဆောင်မှုများကို နှိုင်းယှဉ် ရှာဖွေနိုင်သည်။
- ✔ ငွေကြေးထုတ်ကုန် အမျိုးမျိုးနှင့် ၎င်းတို့၏ အဓိပ္ပာယ်များကို လေ့လာနိုင်သည်။
- ✔ ဘတ်ဂျက်နှင့် အချိန်ပို ဂဏန်းတွက်စက်များကို အသုံးပြုပြီး သင့်၏ ငွေကြေးများကို စီမံနိုင်သည်။




SaverAsia ဝက်ဘ်ဆိုဒ်ကလည်း သင့်ကို ကူညီပေးနိုင်သည် –

- ✔ သင် ဘယ်နေရာ ရောက်နေသည်ဖြစ်စေ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများကို ရှာဖွေ ချိတ်ဆက်နိုင်သည်။
- ✔ သင် ရောက်ရှိနေသည့် နေရာတွင် ကူညီပံ့ပိုးပေးနိုင်သော ဝန်ဆောင်မှုများကို ရှာဖွေ၍ အကူအညီ တောင်းနိုင်သည်။

ပိုမိုလေ့လာရန် ဤလင့်ခ်တွင် လေ့လာနိုင်သည် – https://saverasia.com/local-support/



SaverAsia

Saving you time | Saving you money | Saving for your future



Supported by:

International Labour Organization

Australian Aid

Canada

Managed by:

SaverGlobal

dma global

360South DIGITAL AGENCY


အချိန်ပို ဂဏန်းတွက်စက် ပြုလုပ်ခြင်းကို (Developing Markets Associates) DMA၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO) ၏ ရွှေ့ပြောင်းအလုပ်သမားများ စွမ်းရည်မြှင့်တင်ခြင်းနှင့် စည်းရုံးလှုံ့ဆော်ရေး စီမံချက် (MWEA) တို့ ပူးပေါင်း ဖန်တီးထားခြင်း ဖြစ်သည်။

MWEA စီမံချက်ကို အမေရိကန်ပြည်ထောင်စုနိုင်ငံ အလုပ်သမား ဦးစီးဌာန၏ ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက် အမှတ် IL-28099-15-75-K-11 က ရံပုံငွေ ပံ့ပိုးပေးထားခြင်း ဖြစ်သည်။

ဤစာအုပ်ပါ အချက်အလက်များသည် အမေရိကန်ပြည်ထောင်စု အလုပ်သမား ဦးစီးဌာန၏ သဘောထားအမြင်များ၊ မူဝါဒများနှင့် သက်ဆိုင်ခြင်းမရှိသကဲ့သို့ ကုန်သွယ်ရေးထုတ်ကုန်အဖြစ်လည်း ဖေါ်ပြမှုမရှိခြင်း သို့မဟုတ် အမေရိကန်ပြည်ထောင်စုက ထောက်ခံအတည်ပြုထားသည့် အဖွဲ့အစည်းအဖြစ်လည်း အကျုံးဝင်မှု မရှိပေ။ အချိန်ပိုဂဏန်းတွက်စက်ထုတ်လုပ်ခြင်း ကုန်ကျစရိတ် ၁၀၀ % ဖြစ်သည့် အမေရိကန်ဒေါ်လာ $22,100 ကို Federal Funds မှ ပံ့ပိုးထားခြင်းဖြစ်သည်။